Aye Thandar Aung

(ဇာပုံ)

# ရင်ခွင်တံခါး



# ရင်ခွင် တံခါး

## အခန်း (၁)

"သမီး အလွမ်း ... ဘယ်ကပြန်လာတာလဲ သမီးအချိန်ကိုရော သမီး သိရဲ့လား ...၊ ပြီးတော့ သမီးက တက္ကသိုလ် ကျောင်းသူဆိုတာကိုရော သမီးကို သမီး သိရဲ့လား ..."

ကျစ် ... ...

အလွမ်းဆိုတဲ့ သူမ စုတ်တစ်ချက် သပ်မိလိုက်ကာ။

"အလွမ်း ... ဘယ်မေးခွန်း ဘယ်အချက်ကို အရင်ဖြေရမှာလဲ Daddy"

"သမီး ... Daddyကို ရွဲ့နေတာလား ...၊ အခုချိန်က သမီး Daddyကို ပြန်ရွဲ့နေရမယ့် အချိန်မဟုတ်ဘူးနော်၊ Daddy စိတ်ကို သမီး အသိဆုံးပါ"

"သိတာပေ့ါ Daddyရယ် အဲဒါကြောင့် Daddyကို သမီးက ဘယ်မေးခွန်းကို အရင်ဖြေရမလဲ မေးနေတာပေ့ါ"

သူမ Daddyကို အနီးကပ် ပြောလိုက်သောကြောင့် သူမ ပါးစပ်မှ အရက်နံ့သည် ထောင်းကနဲ ထွက်သွားလေသည်။

"သမီး အလွမ်း ..."

သူမ ဖေဖေ၏အသံက ခက်ထန်မာကျောလာသဖြင့် သူမ လန့်ကာ နှုတ်ဆိတ်သွားသည်။

သူမက ဦးရဲထိုက်ရဲ့ တစ်ဦးတည်းသော သမီး ဦးရဲထိုက်ဆိုတာ စီးပွားရေးသမားတွေထဲတွင် ထိပ်တန်းစာရင်းဝင် တစ်ဦးဖြစ်သည်။

အလွမ်းဆိုတဲ့ သူ၏ သမီးလေးက သူ့ရဲ့တစ်ဦးတည်းသော သမီးလေးဖြစ်သည့် အပြင် မိတဆိုးလေးဖြစ်၍ သူမစိတ်တိုင်းကျ အလိုလိုက်ခဲ့ရာ အခုတော့ ထိန်းမရ သိမ်းမရ ဖြစ်နေလေသည်။

"သမီး ကျောင်းတောင်မပြီးသေးဘူး အရက်သောက်တတ်နေပြီ ဟုတ်လား ...၊ မိုက်လိုက်တာ သမီးရာ ...၊ သမီး အရွယ်တုန်းက သမီးမေမေဆို အရက်မပြောနဲ့ မိုးချုပ်တာတောင် အပြင်ထွက်တာ မဟုတ်ဘူး"

"Daddyတို့ Mammyတို့ ခေတ်နဲ့ သမီးတို့ခေတ်နဲ့ မတူဘူး Daddy၊ ဒါကြောင့် အလွမ်းကို မချုပ်ချယ်ပါနဲ့"

"Daddyက သမီးကို ချုပ်ချယ်နေတာ မဟုတ်ပါဘူး သမီး သိအောင် သမီး နားလည်အောင် ပြောပြနေတာ၊ ခေတ်ချင်း တူတူ မတူတူ အခုခေတ်လူတွေက ညဘက် အချိန်မတော် အပြင်မှာ ရှိနေတဲ့ မိန်းကလေးဆို မကောင်းတဲ့ မိန်းကလေး သိက္ခာ မရှိတဲ့ မိန်းကလေးလို့ မြင်နေကြတာ ...၊ Daddyကတော့ Daddy သမီးကို အဲဒီလို မမြင်စေချင်ဘူး တကယ်ဆို သမီး မောင်နွေဦးခေါင်ကို အတု ယူသင့်တယ်"

"ဟင် ... သမီးက နွေဦးခေါင်ကို အတုယူရမယ် ဟုတ်လား ...၊ သမီးက သူ့ဆီက ဘာတွေ အတုယူရမှာလဲ Daddy၊ သူ့ရဲ့ ဆင်းရဲတဲ့ဘဝကိုလား အဲဒီဘဝကိုတော့ သမီး အတု မယူနိုင်ဘူး Daddy"

အလွမ်းစကားတွေကြောင့် သူမ၏ Daddy ခေါင်းယမ်းကာ ...

"မဟုတ်သေးဘူး သမီးအလွမ်း သမီး အတုယူတတ်ရင် အားလုံးက အတုယူစရာတွေကြီးပဲ လူတိုင်းမှာ သူတို့ဘဝနဲ့သူတို့ ရှိနေတာပဲ အခုချိန်မှာ သမီး ချမ်းသာနေပေမဲ့ နောင်တစ်ချိန်မှာ သမီးက ဆက်ပြီး ချမ်းသာနေမယ်လို့ သမီးဘဝက သမီးကို မပြောပြထားဘူး၊ မောင်နွေဦးခေါင်လည်း အဲဒီလိုပဲ သူ့ဘဝက အခုချိန်မှာ ဆင်းရဲနေပေမဲ့ နောင်ကျရင် ချမ်းသာချင်ရင်

ချမ်းသာလာမှာ၊ သမီး မောင်နွေဦးခေါင်ရဲ့ ဘ၀ကို အတုမယူချင်ရင်တောင် သူ့ရဲ့စိတ်ဓာတ် ကြိုးစားမှုတွေကို အတုယူရမယ်"

"လူတိုင်းက ကိုယ့်အရည်အချင်းနဲ့ကို မွေးဖွားလာကြတာ Daddy ...၊ ဘယ်သူကမှ အရည်အချင်းအတူတူ မမွေးဖွားလာကြဘူး အရည်အချင်း အတူတူသာ မွေးဖွားလာရင် ခိုက်ရန်ဖြစ်ပွားကြမှာ ဆိုးလို့လေ၊ အဲဒါ ကြောင့် သမီးမှာလည်း သမီး အရည်အချင်းဆိုတာ ရှိတယ် Daddy သမီး အရည်အချင်းကို မယုံကြည်ရင်တောင်မှ သမီးကတော့ သမီး အရည်အချင်း ကို ယုံကြည်တယ်"

"Daddyက သမီး အရည်အချင်းကို မယုံကြည်လို့ ပြောနေတာ မဟုတ်ဘူး၊ မောင်နွေဦးခေါင်ကို အတုယူပြီး သမီးရဲ့အကျင့်တွေကို ပြင်စေချင်တာ မောင်နွေဦးခေါင် စာကြိုးစားနေချိန်မှာ သမီးကို စာကြိုးစားစေချင်တာ၊ Daddyဘက်က စကားတစ်ခွန်းတောင် ပြောစရာမလိုပဲ သမီးက ကိုယ့်အသိ နဲ့ကိုယ် လိမ္မာစေချင်တာ"

အဟင်း ...

အလွမ်း သဘောပေါက်သော အပြုံး တစ်ချက် ပြုံးလိုက်ကာ။

"Daddyက နွေဦးခေါင်ဆိုတဲ့ အကောင်လိုမျိုး သမီးကို လိမ္မာစေချင်တယ် ပေါ့ သူ့လိုမျိုး ဖြစ်စေချင်တယ်ပေါ့ သမီး သဘောပေါက်ပါပြီ ...၊ ဒါပေမဲ့ Sorryပဲ Daddy ... အလွမ်းဆိုတဲ့ Daddyသမီးက ဘယ်သူ့ကိုမှ အတုမယူဘူး သူတစ်ပါးကပဲ သမီးကို အတုယူစေရမယ် Daddy မကျေနပ်ရင်တော့ သမီး ကို အလုပ်သမား တန်းလျားပို့ပြီး နွေဦးခေါင်ကို အိမ်ပေါ် ခေါ်တင်ထား လိုက်ပါ။ Daddyရဲ့ သား အဖြစ်ပေါ့ ဒါဆိုရင် Daddyအရမ်းလိုချင်တဲ့ လိမ္မာ တဲ့ သား တစ်ယောက် ရပြီ"

အလွမ်း ဆိုဖာခုံပေါ်ထပ်မှ ပိုက်ဆံအိတ်ကို ယူကာ အိပ်ခန်းထဲကို ၀င်သွား

လေသည်။ သူမရဲ့ ဖခင်ကတော့ နောင်တတွေဖြင့် ဧည့်ခန်းထဲမှာပင် မတ်တတ်ရပ်လျက် ကျန်နေခဲ့လေသည်။

နွေဦးခေါင်တစ်ယောက် ဓာတ်မီးတစ်လုံးဖြင့် ခြံထဲကို လှည့်လည်ကြည့်နေတုန်း ဦးရဲထိုက်နှင့် အလွမ်းတို့၏ အချေအတင် ပြောနေတာကို ခိုးနားထောင်ရင်း သူ့နာမည်ပါလာ၍ သက်ပြင်းချမိသည်။

အလွမ်းဆိုတဲ့သူမနဲ့ နွေဦးခေါင်ဆိုတဲ့ သူနဲ့က လသိပ်မကွာ သူကအလွမ်းထက် တစ်လ နှစ်လသာ ငယ်သည်။ မိဘနှစ်ပါးလုံး တစ်ယောက်နှင့်တစ်ယောက် တည့်ပေမဲ့ သူတို့ နှစ်ယောက်ကတော့ မတည့်။ ရန်ဘက်တွေသာ ဖြစ်ကြသည်။

ခေါင်က သူမနဲ့ရန်မဖြစ်ချင်ပါ၊ သူမနဲ့တည့်အောင်နေမယ် ကြံတိုင်း သူမက ရန်စကားဆိုကာ သူဌေးသမီးဆိုပြီး ဘဝမြင့်နေတတ်၍ ထိုအရာကို ခေါင်မကြိုက် ...။ ထို့ကြောင့် ရန်ဘက်တွေသာ ဖြစ်လာကြလေသည်။

"သား နွေဦးခေါင် မအိပ်သေးပဲ ဘာလုပ်နေတာလည်း ဖေဖေတောင် တစ်ရေးနိုးလာပြီး သွား သွား အိပ်တော့"

"ဟုတ်ကဲ့ ဖေဖေ ... ဒီမှာ ဓာတ်မီး သား သွားအိပ်တော့မယ်နော်"

ခေါင် သူ၏ဖေဖေလက်ထဲသို့ ဓာတ်မီးထည့်ပေးကာ သူနဲ့သူ၏ဖေဖေ တည်းခိုရာ အိမ်လေးထဲသို့ ဝင်သွားလေသည်။

ခေါင် အိပ်ရာထဲ ရောက်သော်လည်း မအိပ်နိုင်သေးပါ၊ နဖူးပေါ် လက်တင်၍ သူ၏ ထမင်းရှင် ဦးရဲထိုက်နဲ့ အလွမ်းအကြောင်းသာ စဉ်းစားနေမိသည်။

ထိုချိန် သူ၏ဖေဖေလည်း အိပ်ရာထဲကို ရောက်လာသဖြင့် သူ ဘေးတစ်စောင်းနေကာ မျက်လုံးမှိတ်ထားလိုက်လေသည်။

"သား ... ဘာတွေ စဉ်းစားနေတာလည်း အခုချိန်မှာ စိတ်ညစ်စရာတွေ စဉ်းစားနေတယ်ဆိုရင် ဖေဖေကတော့ အဲဒီစိတ်ညစ်စရာတွေကို မစဉ်းစားပဲ၊ သား ဘဝနောင်ရေးကိုပဲ စဉ်းစားလို့ ဖေဖေ ပြောချင်တယ်"

"သား ... စိတ်ညစ်စရာတွေ စီစဉ်နေတာ မဟုတ်ပါဘူး ဦးလေး ရဲ့ထိုက် အကြောင်း စဉ်းစားနေတာပါ ဖေဖေ၊ ပြီးတော့ သား နောက်တစ်ခု စဉ်းစားမိတာ ငွေဓန ဥစ္စာ ပြည့်စုံပါသော်လည်း ချမ်းမြေ့ ပျော်ရွှင်မှု မရနိုင်ဘူး ဆိုတာကိုပါ စဉ်းစားနေမိတာ ..."

"ဒါပေါ့ ငါ့သားရယ် ... ချမ်းသာတိုင်းလည်း ပျော်ရွှင်မှု မရှိနိုင်ဘူးကွယ်၊ ငွေမက်သူ လောဘကြီးသူတွေကတော့ ငါ့မှာ ငွေရှိမှ ပျော်ရွှင်နိုင်မယ်ဆိုတဲ့ စိတ်နဲ့ ငွေနောက်ကို လိုက်နေရင်း သူတို့ ပိုင်ဆိုင်နေရတဲ့ ပျော်ရွှင်မှုတွေ တောင် ချက်ချင်း ပျောက်ကွယ်သွားနိုင်တယ် ငါ့သား ..."

သူ၏ ဖခင်ရဲ့စကားလုံးတွေက သူ့အတွက်တော့ နားဝင်ချိုလွန်းလှပါသည်။ သူလည်း အလွမ်းလို မိခင်မရှိတော့တဲ့ လူတစ်ယောက်ပါ။

"အောင်မြင်မှုဆိုတာ ဘာနဲ့မှ လည်းလို့မရဘူးလို့ သား ကြားဖူးတယ်၊ အဲဒါ တကယ်ပဲလား ... ဖေဖေ"

"တကယ်ပေါ့ကွာ ... သားက အခုချိန်မှာ အရမ်း ဆင်းရဲနေပေမဲ့၊ နောင်တစ်ချိန်မှာ ချမ်းသာလာချင်ရင်လည်း ချမ်းသာ လာမှာပဲလေ အောင်မြင်မှုဆိုတာလည်း အဲဒီလိုပဲ သား၊ အခုချိန်မှာ ကျရှုံးနေပေမဲ့ သား ကြိုးစားခဲ့တဲ့ သားရဲ့ အရည်းအချင်းတွေအတွက် အောင်မြင်မှုဆိုတာ သားဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာဦးမှာ၊ ဘာလို့လဲဆိုတော့ အဖေ့သားက လူတော် တစ်ယောက်ဆိုတာ အဖေသိလို့ပဲ ဒါကြောင့် အဖေက သားကို ယုံကြည်တယ်၊ ကဲ အချိန်မနည်းတော့ဘူး မနက်ကျောင်းသွားရမယ် မဟုတ်လား ... အိပ်တော့"

ခေါင် သူ၏ဖေဖေကို ခေါင်းညိတ်ပြုံးပြ၍ ဘာအကြောင်းအရာမှ မစဉ်းစားနေတော့ပဲ အိပ်ပျော်အောင် အိပ်လိုက်လေသည်။

"သားရေ ထတော့ မင်းကို မင်းဦးလေး ခေါ်နေတယ် ခိုင်းစရာရှိလို့လား မသိဘူး"

ညက ညဥ့်နက်သွားလို့ ထင်ပါရဲ့ ခေါင်တစ်ယောက် သူ၏ဖေဖေနှိုးမှသာ နိုးလာခဲ့ရသည်။ နိုးလာသော်လည်း မျက်နှာမသစ်အား အတင်းပင် မျက်လုံးနှစ်ဖက်ကို ပွတ်၍ သူ့ကို ခေါ်နေတဲ့ ဦးရဲထိုက်ဆီကို ပြေးထွက်လာခဲ့သည်။

"ဦးလေး သားကို ခေါ်တယ်ဆိုလို့ ဘာခိုင်းစရာရှိလို့လဲ ဟင် ... သား ဘာလုပ်ပေးရမလဲ"

ဦးရဲထိုက် 'ဘာလုပ်ပေးရမလည်း'ဆိုတော့ မျက်နှာ ပြုံးသွားကာ ခေါင်ရဲ့ ပခုံးကို ဖက်လိုက်ပြီး။

"မင်းကို ဦးလေးက ခိုင်းစရာရှိမှ ခေါ်ရမှာလား ... ကိုနွေဦးခေါင်၊ ဟိုမှာကြည့် မင်းပဲ စက်ဘီး လိုချင်တယ်ဆို အခု စက်ဘီး ရပြီလေ"

ခေါင် ဦးရဲထိုက် လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်တော့ နက်ပြာရောင် ယောက်ျားလေးစီး ပြိုင်ဘီးလေး၊ ခေါင် ပြုံးလိုက်ကာ စက်ဘီးနားကို ပြေးသွား၍ စက်ဘီးကို တစ်ချက်ကြည့်လိုက်ပြီး ...

"ဦးလေး စက်ဘီးခ ဘယ်လောက် ပေးရလဲ ဟင် စက်ဘီးလေးက အရမ်းမိုက်တာပဲ"

"စက်ဘီးခက အေးဆေးပါကွာ ... မင်းသာ စာကြိုးစား မင်းလိုချင်တာမှန်သမျှကို ဦးလေး ဝယ်ပေးမယ်"

"Daddy ... ဘယ်ပစ္စည်းမှ အလကားမရဘူးနော် ပစ္စည်းတိုင်းက ငွေပေး

ပြီး ဝယ်ရတာ၊ ပြီးတော့ ဒီဘီးက စျေးကြီးတယ် Daddyက အလကားပေး ပေမဲ့ သမီးကတော့ အလကားမပေးချင်ဘူး၊ ပြီးတော့ ဒီဘီးက သမီး အတွက်ထင်နေတာ လက်စသတ်တော့ ကျွန်အတွက် ဖြစ်နေတာကိုး"

'ကျွန်'တဲ့ ထိုစကားလုံးက ခေါင့်ရဲ့နားထဲကို သံရည်ပူနဲ့ လောင်းချသလို ခံစားလိုက်ရသည်။ သူတို့ ကျွေးသော ထမင်းနဲ့ဟင်းကို စားနေရ၍ ခေါင် ဘာမှမပြောနိုင်သလို ပြောလိုက်လျှင် သူ၏ဖေဖေကိုပါ ထိခိုက်လာနိုင်၍ စိတ်ကိုလျှော့ထားကာ။

"ဒီမှာ အလွမ်း ... မင်းနဲ့မင်းဖေဖေက ငါနဲ့ဖေဖေ့ရဲ့ ထမင်းရှင်ဖြစ်နေလို့ ငါ ဘာမှမပြောနိုင်ပေမဲ့၊ မင်း သိထားဖို့က ငါတို့က ငါတို့လုပ်အားခနဲ့ တန်ရာတန်ကြေး ပေးပြီးနေတာ အဲဒီတော့ ကျွန်ဆိုတဲ့ စကားလုံးကို မသုံး သင့်ဘူး အလွမ်း နောက်ထပ်တစ်ကြိမ် ထပ်ပြောခဲ့ရင်တော့ ငါ့အဆိုး မဆိုနဲ့ ပြီးတော့ ဒီစက်ဘီးကို ငါ ပိုက်ဆံပေးပါ့မယ်လို့ ပြောပြီး ဦးလေးကို ဝယ်ခိုင်း ခဲ့တာ၊ မင်းတို့ဆီက အလကားယူချင်တဲ့စိတ် ငါ့မှာ လုံးဝမရှိဘူး မင်းကသာ ငွေဂုဏ်မောက်ပြီး မင်းအတွေးနဲ့မင်း ဖြစ်နေတာ"

အလွမ်း နှာခေါင်းရှုံ့လိုက်ကာ ...

"ကျွန်မက ငွေဂုဏ်မောက်တယ်ပဲ ထားပါ။ ရှင့်နှုတ်က အလကား ယူချင် တဲ့စိတ် မရှိဘူးလို့ ပြောနေပေမဲ့ ရှင့်စိတ်ထဲမှာတော့ ရှိချင်ရင် ရှိနေဦးမှာ လေ၊ ရှင့်ရဲ့အတွင်းစိတ်ကို ကျွန်မ သိနိုင်တာမှ မဟုတ်တာ နွေဦးခေါင်"

ဦးရဲထိုက်ရဲ့ မျက်နှာကြောင့် ခေါင် စိတ်တွေ ထိန်းချုပ်ထားရသည်။ ဦးရဲ ထိုက်သာ မရှိရင် သူ သူမကို ဘာပြန်လုပ်မိမလည်း မသိ။

"သမီး အလွမ်း ... ကျောင်းသွားမှာ မဟုတ်လား ဒါဆိုရင်လည်း ကျောင်း သွားတော့၊ သမီး အကျင့်တွေကို ပြင်ထားပါ။ မောင်နွေဦးခေါင်လည်း ကျောင်းသွားဖို့ လုပ်တော့"

ဦးရဲထိုက် ထိုသို့ပြောကာ အိမ်ထဲဝင်သွားတယ်ဆို ခေါင်နှင့်အလွမ်းလည်း တစ်ယောက်ကို တစ်ယောက် မျက်ထောင့်နီးကြီးဖြင့် ကြည့်၍ လှည့်ထွက်သွားကြလေသည်။

"အလွမ်း ... ကျောင်းလာတာ နောက်ကျတယ်နော် ဘာတွေလုပ်နေလို့နောက်ကျနေရတာလဲ"

"ဘာလုပ်ရမှာလဲ ဟို နွေဦးခေါင်ဆိုတဲ့ အကောင်နဲ့ စကားများနေလို့ပေါ့ ယောက်ျားလေးဖြစ်ပြီး မိန်းကလေးလိုပဲ ပြန်ပြောလိုက်တာများ ... ကက်ကက်ကိုလန်လို့ "

"နင်ကလည်း နင်ပဲလေ သူ့ဟာသူ နေတာကို နင်ကိုက ရန် သွားသွားစနေတာ၊ ကြာလာတော့လည်း သည်းခံပါတော့မလား ... ပြီးတော့ သူက အနေအေးသူ တစ်ယောက်ပါဟာ"

"အေးပါ အေးပါ ... ပြောထားပေါ့ ငါက နင့်သူငယ်ချင်း မဟုတ်ဘူးဆိုတော့"

"အဲဒီလို ပြောတာ မဟုတ်ပါဘူးဟာ နင်လည်း ငါ့အကြောင်းသိရက်နဲ့၊ ငါက အမှန်တရားရဲ့ ဘက်တော်သားလေ၊ ဒါကြောင့် အမှန်တရားဘက်ကနေ လိုက်ပြောတာ"

"အမှန်တရားဘက်က လိုက်ပြောတာ ဟုတ်လို့လား မနီနီဆွေရယ် ... နှာဘူးကျပြီး လိုက်ပြောတာ မဟုတ်ဘူးလား"

"ဟာ ကောင်မစုတ် ... ငါက နှာဘူးကျစရာလား ငါက နင့်အကြောင်းသိလို့ နင့်မှားနေလို့ မှန်တဲ့ဘက်က လိုက်ပြောတာလေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ... ဒါနဲ့ ဟိုကောင်မလေးက ငါတို့ဆီကို လာနေတယ်ဟ"

အလွမ်း ပြောနေတဲ့ ထိုကောင်မလေး သူမတို့ အနားကို ရောက်လာလေသည်။

"အစ်မက အလွမ်းလား ဟင်၊ မိုးက ကျောင်းသူ အသစ်ပါ။ ဆရာမက အလွမ်းဆီက စာအုပ်ယူခိုင်းလိုက်လို့ပါ။ ပြီးတော့ ကိုနွေဦးခေါင်ဆိုတဲ့ လူဆီကရောပဲ"

"တို့က အလွမ်းပါ။ နွေဦးခေါင်ကတော့ ကျောင်းမလာသေးဘူး ထင်တယ် မင်း စာအုပ်ယူချင်ရင် ယူသွားလေ၊ နွေဦးခေါင်ဆီက စာအုပ်ယူချင်ရင်တော့ မင်း သူ့ကို စောင့်ရလိမ့်မယ်"

"ဟုတ် ... မိုး ထိုင်စောင့်ပါ့မယ် ဒါနဲ့လေ ကိုနွေဦးခေါင်က ကျောင်းမလာသေးဘူးဆိုတာ အလွမ်းက ဘယ်လိုသိနေတာလဲ"

"ဒီလိုပါပဲ ဒါနဲ့ မင်းနာမည်က မိုး တစ်လုံးတည်းလား ..."

"မိုးလေပြေပါ အလွမ်း ... အလွမ်းဘေးက သူငယ်ချင်းကရော သူ့နာမည်က ဘာလဲ"

"တို့နာမည်က နီနီဆွေပါ။ အလွမ်းရဲ့တစ်ဦးတည်းသော သူငယ်ချင်းပါ။ စာမေးပွဲက နောက်တစ်ပတ်ဆို ဖြေတော့မှာလေ စာတွေလိုက်မီရဲ့လား ..."

"ဟုတ်သားပဲ စာတွေအကုန် လိုက်မီရဲ့လား ... မမီရင် ပြောနော် အကူညီတောင်း အလွမ်းတို့ ကူညီနိုင်သမျှ ကူညီပေးမယ်"

"ကျေးဇူးတင်ပါတယ် အလွမ်း ... မိုးက မနေ့က စာပဲကျန်တော့တာ၊ မနေ့က ဆရာမ နေမကောင်းလို့ကျောင်းကို မလာဘူးလေ အဲဒါကြောင့် စာကျန်နေတာ"

"ဟုတ်ပါပြီ ... အတန်းထဲသွားရအောင် မိုး စာကူးလို့ရအောင် ပြီးတော့ နွေဦးခေါင်ကိုလည်း စောင့်ရင်းပေ့ါ"

အလွမ်းနဲ့နီနီဆွေ ထိုသို့ပြောပြီး အရှေ့ကို ထွက်သွားတယ်ဆို မိုးလေပြေဆိုသော ကောင်မလေးလည်း အနောက်မှ လိုက်သွားလေသည်။

"မိုး ထိုင် ... ဒီခုံက တို့ အပိုင်ယူထားတာ ဟိုအနောက်က ခုံကတော့ နွေဦးခေါင်ဆိုတဲ့လူ ထိုင်တာ၊ ရော့ ဒီမှာ စာအုပ် မင်း အမြန်ရေးနော် စာသင်ချိန်ရောက်တော့မယ်"

"ဒီနေရာမှာ မိုး ထိုင်လို့ရမလား ... နေရာရှာနေရင် ကြာမှာစိုးလို့"

"ရပါတယ် ထိုင်ပါ မိုးရဲ့ အလွမ်းက ဒီနေရာကို အပိုင် သိမ်းထားတာမှ မဟုတ်တာ"

"ဟုတ်ကဲ့ ..."

မိုးလေပြေ သူမ ဘေးမှာ ဝင်ထိုင်သဖြင့် အလွမ်းလည်း သူမ ခန္ဓာကိုယ်လေးကို 'နီနီဆွေ'ဟု ခေါ်သော သူမ သူငယ်ချင်းဘက်ကို တိုးလိုက်လေသည်။

မကြာမီ ခေါင်လည်း အခန်းထဲကို ဝင်လာလေသည်။

အလွမ်း ခေါင့်ကိုမြင်ပေမဲ့ မမြင်သလို ဟန်ဆောင်ကာ သူမ သူငယ်ချင်းနဲ့ ရယ်မောပြောနေချိန်။ မိုးလေပြေကတော့ သူမ စာရေးနေချိန် သူမ အနားကဖြတ်သွားသော ခြေချောင်း သွယ်သွယ်လေးတွေကြောင့် မော့ကြည့်လိုက်တော့ ...

သူမ ရင်ကို လှုပ်ခတ်သွားစေသည့် ထိုလူရဲ့ပုံစံလေးက အလွမ်း ပြောထားသည့်အတိုင်း အနောက်ခုံတွင် ထိုင်နေသဖြင့် နွေဦးခေါင်ဆိုတာ သူမ သိလိုက်၍ ပြုံးသွားကာ ခေါင့်ဘက် လှည့်လိုက်ပြီး ...

"မင်္ဂလာပါ ကိုနွေဦးခေါင် ... မိုးက ဒီနေ့မှ ဒီကျောင်းကို ရောက်လာတာပါ။ ဆရာမက ကိုနွေဦးခေါင်ကို ဖုန်းဆက်ထားလားမသိဘူး စာအုပ်"

မိုး စကားပြောလို့ မပြီးဆုံးသေး ခေါင် စာအုပ်ထိုးပေးလာလေသည်။

"ကျေးဇူးတင် ..."

နောက်ထပ်တစ်ကြိမ် ထပ်ပြောပေမဲ့ သူမကို လက်ကာပြ၍ သူ အလွမ်း ရှေ့မှာ မတ်တတ်ရပ်လိုက်ကာ ...

"အလွမ်း ... မင်းအဖေ မင်းအတွက် မုန့်ဖိုး ထည့်ပေးလိုက်တယ်၊ အရေးကြီးကိစ္စနဲ့ နယ်ဆင်းသွားတယ်။ သူ ပြန်လာတဲ့အချိန်ထိ ပေးထားခဲ့တဲ့ ပိုက်ဆံကို လောက်အောင်သုံးတဲ့"

"ယူလာပေးလို့ ကျေးဇူးတင်ပါတယ် ... နွေဦးခေါင် ရှင့်ကိုရော daddy မုန့်ဖိုးပေးသွားသေးလား"

ခေါင် ပေးသွားတယ်လို့သာ ရွဲ့ပြောလိုက်ရင် အိမ်ရောက်တာနဲ့ သူမ ပြန်တောင်းမှာ သေချာသည်။ အခန့်မသင့်ရင် ကျောင်းမှာတင် ရန်ဖြစ်လောက်သည်။

"မုန့်ဖိုးယူအောင် ငါက ကလေးမဟုတ်ဘူး၊ ပြီးတော့ မင်းအဖေက ငါ့ရဲ့ အဖေလည်း မဟုတ်ဘူး"

အလွမ်း ပြုံးလိုက်ကာ ...

"ကောင်းတာပေါ့ ရှင့်ကို ပေးသွားမှာ စိုးရိမ်နေတာ"

"မင်း"

"ကဲ မင်္ဂလာပါ တပည့်တို့"

ခေါင် ပြောဖို့ ကြံလိုက်ပေမဲ့ ဆရာ အခန်းထဲ ရောက်လာ၍ ကိုယ့်နေရာကိုယ် ပြန်ထိုင်နေလိုက်သည်။ ရင်ထဲမှာတော့ အခဲမကျေသေး။

အတန်းဆင်းချိန်ရောက်တော့ မိုးလေပြေထံမှ စာအုပ်ကို မကြည့်ပဲယူကာ အလွမ်း တစ်ယောက် ခေါင်ထက်စောအောင် အိမ်သို့ ပြန်ခဲ့လေသည်။

သူမ အိမ်ရောက်တော့ ခြံတံခါး ဖွင့်ထားတာကလွဲလို့ အိမ်တံခါးကို သော့ပိတ်ထားတာ မြင်တော့မှ သူမ ဖေဖေ ခရီးသွားလျှင် သော့ကို ခေါင့်ကို ပေးသွားတာကို သတိရလာလေသည်။

"နွေဦးခေါင် ... ရှင်နဲ့ကျွန်မ တွေ့ကြသေးတာပေါ့ ဟွန်း"

အလွမ်း စိတ်ထဲမှာ ကြိမ်းဝါးလိုက်သည်။ သူမတို့ရဲ့အိမ်အကူလည်း ရွာပြန်သွား၍ သူမ ခေါင့်ကို ပြောချင်တိုင်း ပြော၍ နှိပ်စက်ချင်တိုင်း နှိပ်စက်ပေတော့မည်။

***

## အခန်း (၂)

"ကိုနွေဦးခေါင် ဟိုလေ ... အလွမ်းက ကမန်းကတန်းနဲ့သူ့စာအုပ်ထင်ပြီး ယူသွားတာ၊ ရှင့်စာအုပ်ပါသွားတယ် အဖုံးကလည်း တူနေတော့"

"ရတယ် သူ့စာအုပ်သာ ပေးလိုက် အိမ်ရောက်မှသူ့ဆီက ပြန်တောင်း လိုက်မယ်"

မိုးလေပြေထံမှ စာအုပ်ကိုယူကာ ခေါင်လည်း အိမ်ကို ပြန်ခဲ့လေသည်။ လမ်းမှာ အလွမ်းရဲ့လက်ရေးလေးတွေကို သူ ဖွင့်ကြည့်မိခဲ့သေးသည်။

အလွမ်းနှင့်သူ စာအုပ်မျက်နှာဖုံး တူနေရခြင်းမှာ အလွမ်း ဖေဖေကလည်း သူ့ကို စာအုပ် ဒါဇင်လိုက် ဝယ်ပေးထားသောကြောင့် အလွမ်းနှင့်တစ်အုပ် မဟုတ် တစ်အုပ်တော့ တူနေလေသည်။

"နွေဦးခေါင် ရှင် ရောက်လာပြီပေါ့၊ ကျွန်မ အိမ်ကို စောစောပြန်လာမှန်း သိလျက်နဲ့ အိမ်တံခါးသော့ခတ်ထားခဲ့တယ်ပေါ့ ဟုတ်လား ..."

"မင်း ပြောနေတာ ငါ နားမလည်နိုင်တော့ဘူး အလွမ်း၊ မင်း စောစောအိမ် ပြန်မှန်း ငါ မသိသလို မင်း အခုလို မတ်တတ်ရပ်စောင့်နေရမှန်းလည်း ငါ မ သိဘူး၊ ငါက ဦးလေး မှာကြားထားခဲ့တဲ့ အတိုင်း တံခါး သော့ခတ်ခဲ့ပေးရုံပဲ၊ ခြံတံခါးတောင် ဖေဖေ ဖွင့်သွားတာ"

"ရှင့်ဖေဖေက ဘယ်သွားလို့ တံခါးကို ဖွင့်သွားရတာလဲ၊ တစ်စုံတစ်ယောက် အိမ်ထဲ ဝင်နေရင် ဘယ်လိုလုပ်မလဲ"

"ဘယ်သူမှ အိမ်ထဲမဝင်နိုင်ဘူး၊ ပြီးတော့ ဒီအိမ်မှာ မင်းနဲ့ငါ နှစ်ယောက်

တည်း ရှိတာ၊ အဲဒီတော့ ... မင်း စကားပြောဆင်ခြင် မဟုတ်ရင်တော့ မင်းကို ငါ တစ်ခုခု လုပ်မိလိမ့်မယ်၊ ရော့ ... ဒီမှာ အိမ်သော့"

ခေါင် အလွမ်းလက်ထဲကို အိမ်သော့ ထည့်ပေးကာ သူ၏ အိမ်ထဲသို့ ဝင်သွားလေသည်။

'ဘယ်သူမှ မရှိ'ဟု ဆိုသောကြောင့် အလွမ်း ခေါင်ကို ပြန်မစွာနိုင်၊ သူမက မိန်းကလေး ခြိမ်းခြောက်တော့လည်း ကြောက်ရမည် မဟုတ်ပါလား ...။

ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက် ...

ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း ...

"အလွမ်း အလွမ်း အလွမ်း ... ဟားကွာ ... တံခါးကြီးပိတ်ပြီး မင်း ဘာလုပ်နေတာလဲ အလွမ်း ..."

အလွမ်း တစ်ယောက် တီဗွီရှေ့မှာ ကျကျနန ထိုင်ကာ ခေါက်ဆွဲပြုတ်စားနေချိန် ဒုန်း ဒုန်း အသံကြောင့် ခေါင်မှန်း သိလိုက်ပေမဲ့ သူမ မထ။ မကြားချင်ယောင် ဟန်ဆောင်ကာ တီဗွီပိတ်လိုက်၍ နားကြပ်တပ်ကာ ဖုန်းဆက်ကြည့်နေလေသည်။

ဒုန်း ... . ဒုန်း ... ဒုန်း ... ဒုန်း ...

"အလွမ်း မင်း ... တံခါးဖွင့်ပေးမှာလား မဖွင့်ပေးဘူးလား ... ရတယ်လေ၊ မင်း တံခါးဖွင့်မပေးမှတော့ ငါ ယူလာတဲ့ ထမင်းတွေကိုလည်း ခွေးကျွေးလိုက်ရုံပဲပေ့ါ၊ ပြီးတော့ မင်း ဖေဖေကို မုန့်ဖိုးလည်း ဖြတ်ခိုင်းလိုက်မယ်"

ကျစ် ... ...

ကျွိ ... ...

အလွမ်း စုတ်တစ်ချက် သပ်လိုက်ကာ တံခါးဖွင့်ပေးလာလေသည်။

"ပေး ထမင်း၊ ရှင့်ကို ကျွန်မ တံခါးဖွင့်ပေးပြီးပြီနော်၊ Daddyကို မုန့်ဖိုး

ဖြတ်ခိုင်းလို့ကတော့ ရှင် မလွယ်ဘူးမှတ် "

"ကောင်းပါပြီ ..."

ခေါင် အိမ်ထဲဝင်ရန် ခြေလှမ်း လှမ်းလိုက်စဉ် သူ့ရင်ဘတ်ကို အလွမ်း တွန်းထားကာ ...

"ဘာလို့ ရင်ဘတ်ကို တွန်းထားတာလည်း၊ မင်းလက်က ငှါနှလုံးသား တည့်တည့်ပေါ် တင်ထားတာနော်"

အလွမ်း လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး...

"မိန်းကလေး တစ်ယောက်တည်း နေတဲ့အိမ်ကို ရှင် ဝင်ခွင့်မရှိဘူး"

"အမယ် မင်းက အခုမှ အထူအဆန်း စကားတွေ ပြောနေပါလား ...၊ မင်း ဖေဖေနဲ့ ငှါဖေဖေ နယ်သွားတိုင်း ငါ မင်းအိမ်မှာ လာနေရတာ ခဏ ခဏပဲ၊ အရင်ကလည်း လာနေတာ တစ်လတောင် မပြည့်လောက်သေးဘူး အဲဒါ ကြောင့် အထူးအဆန်း သိပ်မလုပ်နဲ့ ဘေးဖယ်"

ခေါင်လည်း သူမရဲ့ခေါင်းကို လက်ဖြင့် တွန်းကာ အိမ်ထဲ ဝင်လိုက်လေသည်။ တကယ်တော့ သူမကို စချင်လို့ အိမ်ထဲ ဝင်လိုက်ရုံပါ။ အချိန်တန်ရင် သူ့ရဲ့အိမ်သို့ ပြန်နေသည်။ သူမက မိန်းကလေး တစ်ယောက်မလို့ ခေါင် သူမ သိက္ခာကျအောင်တော့ မလုပ်ပါ။

"ရှင် ခဏနေပြီးရင် အိမ်ပြန်၊ ကျွန်မက မိန်းကလေး ပတ်ဝန်းကျင်က ကျွန်မကို တစ်မျိုး မြင်သွားလိမ့်မယ်"

"ငါ အိမ်ထဲဝင်တော့ ပတ်ဝန်းကျင်က မင်းကို တစ်မျိုးမြင်မှာ ကြောက် တယ်ပေါ့၊ မင်း ညဘက် ပါတီသွား အချိန်မတော်မှ အိမ်ကို ပြန်လာတာကြ တော့ တစ်မျိုးမြင်မှာ မကြောက်ဘူးလား ..."

ဟင်း ... ...

အလွှမ်း သက်ပြင်းတစ်ချက်ချ၍ ခေါင့်ကို မဲ့ကြည့် ကြည့်လျက် ...

"ရှင်က စာတော်သလောက် တော်တော်လေးကို တုံးတာပဲ၊ ပါတီသွားတာက ပါတီ သွားတာပဲ၊ အခု အိမ်မှာက ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းလေ ပါတီမှာက လူတွေအများကြီးပဲလေ"

"ဩော် လက်စသတ်တော့ မင်းက ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်လာပြီပဲ ကောင်းပါတယ် သာဓု သာဓု။ ငါ အခုပဲ မင်း အိမ်ထဲက သွားပါတော့မယ်၊ ဒါပေမဲ့ တံခါးကို မပိတ်ဘဲ စေ့ထားရုံ စေ့ထားပါ။ မင်း တစ်ခုခု ဖြစ်ရင် ငါ ဝင်လာလို့ ရအောင်"

"ဖက် ဖက် လွဲပါစေ ချော်ပါစေ၊ ရှင် ဘာတွေ ပြောနေတာလည်း၊ ကျွန်မက ဘာလို့ တစ်ခုခုဖြစ်ရမှာလဲ၊ သွား ရှင်သွားတော့"

"သွားမှာပါ။ ဒါပေမဲ့ စာအုပ်လေးတော့ လည်းပေးလိုက်ဦး စာကျက်စရာ မရှိ ဖြစ်နေဦးမယ်"

"ဘာလို့ စာအုပ်လည်းပေးရမှာလဲ"

"မင်း လွယ်အိတ်ထဲက စာအုပ်လည်း မင်း သေချာပြန်စစ်ကြည့်ဦး၊ မိန်းကလေးတဲ့ ပျာပျာသလည်း ရှုပ်ပျာရှုပ်ပျာနဲ့..."

"ကျွန်မ စာအုပ်သာ ယူလာတာ အခုထိ လွယ်အိတ် ဖွင့်မကြည့်ရသေးဘူး၊ ဒါနဲ့လေ မိုးလေပြေလေးက အရမ်း ချစ်စရာကောင်းတယ်နော်၊ ရှင် သူ့ကို မကြွေဘူးလား ဟင်"

"ဘာလို့ ကြွေရမှာလဲ၊ မိန်းကလေးဖြစ်ပြီး ယောကျာ်းလေးကို ကြည့်တဲ့ အကြည့်တွေက ရဲတင်းလွန်းတယ်"

"ဒါဆို ... ရှင့်ကို နူးနူးညံ့ညံ့လေးနဲ့ ကြည့်ရမှာလား ဟင်၊ ဒီလိုမျိုးလေး ဒီလိုမျိုးလေး"

အလွမ်းတစ်ယောက် ခေါင့်ကို မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ပြလိုက် မျက်လုံးမှိတ်ပြလိုက်နဲ့ ခေါင့်ကို အူတွေအသည်းတွေ ယားအောင်လုပ်ပြနေလေသည်။

ခေါင်က သူမကို ငြိမ်းခြောက်ထားရုံပါ၊ ဒါကို သူမက အတည်ထင်နေသည်လား မသိ၊ သူမကို မဆူအောင် တစ်ခုခု မလုပ်အောင် ဖော်ရွေပြနေလေသည်။ အလိုက်သိသည့် ခေါင်ကလည်း ...

"အလွမ်း ... မင်းကလေ တစ်ခါတလေ အရမ်း ကလေးဆန်တာပဲနော်၊ ငါမင်းကို တစ်ခု ပြောထားမယ်၊ မင်း ငါ့ကို ဖော်ဖော်ရွေရွေဆက်ဆံ မဟုတ်လို့ကတော့ မင်းကို လည်ပင်း ညှစ်သတ်ပစ်မယ်"

လက်ဟန် အမူအရာ လုပ်ပြ၍ သူမ လက်ထဲမှ စာအုပ်ယူကာ အိမ်ထဲမှထွက်သွားလေသည်။

ခေါင် အိမ်ပြန်ရောက်တော့ အလွမ်းရဲ့ အမူရာလေးကို ပြန်တွေးကာ ပြုံးနေမိသည်။

မင်းက ကလေးလေး တစ်ယောက်လို ဖြူစင်လွန်းပါတယ် အလွမ်းရယ် ... ကိုယ် လိုချင်တာ မင်းရဲ့မာနကို ခဝါချဖို့ပါ။ မင်းသာ မင်းရဲ့မာနကို ခဝါချနိုင်မယ်ဆိုရင် ကိုယ်လည်း မင်းနဲ့အတူ ကိုယ့်ရဲ့မာနကို ခဝါချပေးဖို့ အသင့်ပါပဲ၊ ရန်သူ မဖြစ်သင့်တဲ့ ဘဝကို ရန်သူ ဖြစ်နေရတာ မင်းက နှစ်သက်ပေမဲ့ ကိုယ်က မနှစ်သက်ဘူး အလွမ်းရယ် ...။

"ဟင် ... မီးပျက်သွားပါလား ..."

ခေါင် သူ့အတွေးထဲ စကားလုံးတွေကိုတောင် အပြီးမသတ်လိုက်ရ။ မီးက ဖျတ်ခနဲဆို ပျက်သွားလေသည်။ သူ ခုတင်ပေါ်မှ ဆင်းလိုက်ကာ အသင့်ဆောင်ထားတဲ့ မီးအိမ်လေးကို ထွန်း၍ ခုံပေါ်မှာ ထိုင်နေလိုက်သည်။

ဒေါက် ... ဒေါက် ...

"နွေဦးခေါင် နွေဦးခေါင် ရှင် ဘာလုပ်နေတာလဲ၊ ကျွန်မ ခေါ်နေတာ ရှင် ကြားတယ် မဟုတ်လား ... မြန်မြန် တံခါးဖွင့်ပေးပါ ကိုနွေဦးခေါင်ရယ်၊ ကျွန်မ သရဲကြောက်လို့ပါ"

သူမက သရဲကြောက်တတ်သေးတယ်တဲ့လား။ ခေါင် ရယ်ချင်ပေမဲ့ ရယ်ချင်စိတ်ကို ထိန်းကာ တံခါးဖွင့်လိုက်ပြီး ...

"ဘယ်လိုဖြစ်လာရတာလဲ၊ မင်းက ငါ နေမယ်ပြောတော့ ငါ့ကို နှင်းထုတ်တယ်။ အခုကျတော့ မင်း ကိုယ်တိုင် ငါ့ဆီ ရောက်လာတယ်။ မင်းက တော်တော် မလွယ်ပါလားနော်၊ ကဲ ဘာဖြစ်လာတာလဲ"

"ကျွန်မ ရှင့်အိမ်ကို လာရတာ ကျွန်မ မကြိုက်တာ ရှင် သိတာပဲ၊ အဲဒီတော့ ရှင် ကျွန်မအိမ် လိုက်ခဲ့"

"မင်းပဲ ငါ့ကို နှင်ထုတ်တာလေ၊ အဲဒါကြောင့် မင်း အငြိုငြင်ခံပြီး မင်း အိမ်ကို မလိုက်နိုင်ဘူး"

"လိုက်ခဲ့ပါ နွေဦးခေါင်ရယ် ကျွန်မ သရဲကြောက်လို့ပါ။ မီးမပျက်ရင် တော်သေးတယ် အခုက မီးလည်းပျက်နေတယ် ပြီးတော့ မီးဖိုထဲကလည်း အိုးသံခွက်သံတွေရော ကြားနေရတယ်၊ ကျွန်မ တကယ် ကြောက်လို့ပါ"

"မလိုက်နိုင်ပါဘူး၊ ငါလည်း သရဲကြောက်နေတာပဲ၊ မင်း အိမ်ထဲမှာ မနေနိုင်ရင် အပြင်မှာ ထွက်နေလေ၊ လသာနေတာပဲ"

"နေပါဦး ..."

ခေါင် အိမ်ထဲဝင်မယ်လုပ်တော့ ခေါင့်လက်လေးကို သူမ လှမ်းဆွဲထားသည်။ ခေါင် လှည့်ကြည့်တော့ မျက်နှာငယ်လေးဖြင့် ကြည့်နေလေသည်။

"လာ သွားမယ်၊ ငါ အိမ်ထဲ ဝင်တယ်ဆိုတာ မီးအိမ်ဝင်ယူမလို့ပါကွာ"

ခေါင် မီးအိမ်ကိုယူ၍ အရှေ့မှ ထွက်လာလိုက်သည်။ အလွမ်းလည်း အနောက်မှ ပြေးလိုက်ကာ သူ့လက်မောင်းကိုတွဲထား၍ မျက်လုံးတွေကတော့ သရဲဘယ်နားက ပေါ်လာမလဲဆိုသော အတွေးဖြင့် ဟိုဟိုဒီဒီ လိုက်ကြည့်နေလေသည်။

သူမ တကယ်ပဲ ကြောက်လန့်နေသည် ထင်ပါရဲ့။ သူ့လက်မောင်းကို ကိုင်ထားတဲ့ သူမရဲ့ လက်ချောင်းလေးများမှာ အတော်ပင် အေးစက်နေလေသည်။

"မင်း တကယ်သရဲ ကြောက်တာလား ..."

"တကယ်ကြောက်လို့ ရှင့်ကို လာခေါ်တာပေါ့ နွေဦးခေါင်၊ ဟူး ခြေလှမ်းတွေကလည်း ကြာလိုက်တာ အိမ်ကိုရောက်ဖို့ လမ်းလျှောက်ရတာ နီးလျက်နဲ့ ဝေးသွားသလိုပဲ"

"မင်းက အတွေးလွန်၊ ပြီးတော့ ရာသီဥတုကလည်း အေးနေတော့ ပိုဝေးနေသလို ခံစားနေရတာ၊ အခုဆို ငါနဲ့ စကားပြောတော့ အိမ်ထဲ ရောက်မှန်းမသိ ရောက်သွားပြီ မဟုတ်လား"

"ရှင့်ကို ကျွန်မ စကားစပြောကတည်းက ကျွန်မရဲ့ ခြေလှမ်းတွေက အိမ်ဝကို ရောက်နေတာ ရှင်မှ သတိမထားမိတာ၊ ဒါပေမဲ့ ကျေးဇူးတင်ပါတယ် ကျွန်မကို အဖော်ပြုပေးလို့"

"ကျေးဇူးဆိုတဲ့ မင်းရဲ့နှုတ်က ထွက်လာတဲ့ စကားလုံးက မင်းရဲ့ရင်ထဲက လာတဲ့ စကားလုံး မဟုတ်လို့ မင်း ကျေးဇူးတင်တာကို ငါ မလိုချင်ဘူး၊ မင်း ငါ့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တဲ့ အချိန်ကျရင်တော့ ငါကလည်း မင်း ကျေးဇူးကို ကျေနပ်ဝမ်းသာအားရစွာနဲ့ လက်ခံပေးမှာပါ။ သွား မင်း သွားအိပ်တော့လေ ငါ မီးစက်သွားနှိုးလိုက်ဦးမယ်"

အလွမ်း သူ့လက်မောင်းကို မလွှတ်ပေးပါ ပိုမို တင်းကျပ်စွာ တွယ်ကပ်ထားလေသည်။

"မင်းကလည်း အကြောက်ကြီးလိုက်တာ၊ ဒါဆိုလည်း စက်သွားနှိုးမဲ့နေရာကို လိုက်ခဲ့"

အမှောင်ထဲမှာတော့ သူ့ကို ပြုံးပြလာတဲ့ သူမရဲ့အပြုံးတွေက တောက်ပလွန်းနေသည်။

"ပြုံးပြမနေနဲ့၊ မင်း ပြုံးပြတာ သရဲထက်တောင် ပိုကြောက်ဖို့ ကောင်းနေသေးတယ်။ မင်းကို အမှတ်တမဲ့ တွေ့လိုက်တဲ့ လူဆို နှလုံးရောဂါ ရပြီး မေ့သွားနိုင်လောက်တာ မင်း သိလား ..."

"ရှင့် မျက်နှာကြီးကလည်း ဘယ်လောက်တောင် ကြောက်ဖို့ကောင်းနေလဲ၊ ရှင် ကိုယ့်ကိုယ်ကိုယ် သိရဲ့လား ..."

"ချောလွန်းနေလို့လား ..."

"ဆုတောင်းလေ၊ ဆယ်ခါပြန် ဆုတောင်းနေရင်တောင် ရှင့်ဆုတောင်းတွေ ပြည့်မှာ မဟုတ်ဘူး"

"ဆုတောင်းမှာ ဆုတောင်းမှာ၊ ဘဝဆက်တိုင်း မင်းနဲ့ရေစက်ပါပြီး မင်းကို အမြဲတမ်း အနိုင်ရနေဖို့ ဘုရားမှာ နေ့တိုင်း ဆုတောင်းနေမှာ"

"ရှင် ဒီတစ်သက် ဆုတောင်းပြည့်မှာလား ... အရင်ဆုံး ရှင့်ရဲ့မီးအိမ်နဲ့ ဓာတ်ဆီပုံးကိုလည်း ကြည့် ကြည့်ဦး၊ ဓာတ်ဆီ ရှိသေးရဲ့လားလို့"

သူမ ပြောတော့မှ ခေါင် မီးအိမ်ကို မြှောက်၍ ဓာတ်ဆီပုံးကို ကြည့်လိုက်တော့ ပုံးထဲမှာ ဆီမရှိနေတော့။

"တောက် ... ဆီက အရေးထဲ ကုန်နေရတယ်လို့၊ ငါ့အမှားပါ။ ဆီရှိသေးလား မရှိတော့ဘူးလား မစစ်ဆေးမိဘူး၊ အလွမ်း ငါ လမ်းထိပ်မှာ ဓာတ်ဆီ

သွားဝယ်လိုက်ဦးမယ်၊ မှောင်နေတော့ မင်း အရမ်းကြောက်နေမှာစိုးလို့"

"ကျွန်မ တစ်ယောက်တည်း မနေရဲဘူး၊ ပြီးတော့ လမ်းထိပ်နဲ့အိမ်နဲ့က အဝေးကြီးပဲ"

"ခဏလေးပါ အလွမ်းရယ် စက်ဘီး နင်းပြီး သွားဝယ်လိုက်မယ်၊ တကယ် ခဏလေးပါ။ မီးအိမ် ယူထားလိုက်"

ခေါင် ဂိုဒေါင်ထဲမှတစ်ဆင့် အိမ်ထဲမှပြေးထွက်ကာ သူ၏ အိမ်ဘေးတွင် ရပ်ထားသော စက်ဘီးကို ယူလျက် အမြန်နင်း၍ လမ်းထိပ်က ဈေးဆိုင်ကို ထွက်လာခဲ့သည်။

ပြီးနောက် ဆီအမြန်ဝယ်ကာ အိမ်သို့ အမြန်ပြန်လာရသည်။ အိမ်ထဲ ရောက်တော့ အလွမ်း သူ့ကို ပြေးဖက်လာကာ။

"နွေဦးခေါင် ... ရှင့်ကို ကျွန်မ daddyနဲ့ တိုင်ပြောမယ် သိလား ...၊ ဟင့် ဟင့် ရှင့်ကို တိုင်ပြောမယ်"

"ဘာလို့ ငိုနေတာလဲ အလွမ်း၊ ပြီးတော့ ဘာလို့ ဦးလေးကို တိုင်ပြောမှာ လဲ"

"ရှင် ကျွန်မကို ထားခဲ့လို့လေ၊ ကျွန်မ ကြောက်တတ်မှန်းသိလို့၊ ရှင် ကျွန်မ ကို တမင်ထားခဲ့တာ မဟုတ်လား ..."

"မဟုတ်ရပါဘူး၊ ငါက မင်းကို ထားခဲ့တယ်ဆိုတာ မှောင်နေတော့ မင်း အရမ်းကြောက်နေမှာစိုးလို့လို့ မင်းကို ပြောပြီးပြီလေ၊ အခု ဆီရလာပြီဆို တော့ စက်သွားနှိုးလိုက်ဦးမယ်"

ခေါင် သွားရာသို့ သူမ အနောက်မှ တကောက်ကောက်လိုက်သွားသည်။ ခေါင် စက်နှိုးပြီး ဆိုဖာပေါ်မှာ ထိုင်လိုက်တော့ ဂျင်းဘောင်းဘီတို ဝတ်ထား လို့ ပေါ်နေတဲ့ ဒူးခေါင်းလေးမှ သွေးများစီးကျနေတာကို အလွမ်း တွေ့သွား

လေသည်။

"ရှင့် ရှင့် ဒူးခေါင်းက သွေးတွေစီးကျနေတယ် နွေဦးခေါင်၊ ရှင် လမ်းမှာ စက်ဘီးမှောက်လာတာလား ..."

ခေါင် သူမကို စိတ်ပူစိုးရိမ်လွန်း၍ အနာရတာကိုတောင် မေ့နေ၍ သူမ ပြောတော့မှ သတိရတော့သည်။

"ရှင့်ဒူးခေါင်း အရမ်းနာနေလား ...၊ ကျွန်မ ဆေးထည့်ပေးမယ်လေ အနာတရဖြစ်ရင် ထည့်ဖို့ ဆောင်ထားတဲ့ ဆေးတွေ ကျွန်မမှာ ရှိတယ်"

ခေါင် ဘာမှမပြောရသေး အလွမ်း သူမ အိပ်ခန်းထဲကို ပြေးဝင်သွားလေသည်။ ပြန်ထွက်လာတော့ သူမ လက်ထဲတွင် ဆေးဘူးနှင့်အတူ အရက်ပြန် ပုလင်းပါ ပါလာလေသည်။

"ကျွန်မ ဆေးထည့်ပေးမယ်၊ အရက်ပြန်က နည်းနည်းတော့ စပ်မယ်နော်၊ ဒီအရက်ပြန်က တခြားအရက်ပြန်နဲ့ မတူဘူး အကောင်းဆုံး အရက်ပြန်"

ခေါင် မတ်တတ်ထရပ်လိုက်သည်။

"တော်ပြီ အလွမ်း ... မင်း ငါ့ကို ဆေးလည်းမထည့်ပေးနဲ့တော့၊ စကား လည်း ဆက်မပြောနဲ့"

ခစ် ... . ခစ် ...

အလွမ်း ရယ်သွားလျက်။

"နွေဦးခေါင် ရှင်ကလည်းလေ စလို့ စမှန်းကို မသိဘူး၊ ကျွန်မက ကြောက် စိတ် ပြေသွားအောင် ဒီအတိုင်းစလိုက်တာပါ။ ပြန်ထိုင်ပါ။ ကျွန်မ ဆေး ထည့်ပေးမယ်"

သူမက ထိုင်ဆိုလို့ ခေါင်လည်း ပြန်ထိုင်လိုက်သည်။

"အား ... စပ်တယ် ..."

သူ ထိုသို့ အော်လိုက်တော့ အစပ်ဖြေအောင် သူမက လေအေးအေးလေး မှုတ်ပေးသည်။ သူမက မာန မိုးခိုက်နေလို့သာ ဒါမှမဟုတ်ရင်တော့ မိုးလေပြေ ချစ်စရာကောင်းတယ်ဆိုတာ သူမကို မီပါ့မလား။

သူမ မော့ကြည့်လာသဖြင့် သူလည်း အကြည့်တွေ ပြန်ဖယ်လိုက်သည်။

***

အခန်း (၃)

"ရှင်ကလည်း အသည်းက နုလိုက်တာ၊ ယောက်ျားလေး မဟုတ်တဲ့ အတိုင်းပဲ၊ ဒီဆေးလေး ထည့်ပေးတာကို စပ်နေ"

"မင်းလည်း ငါ့နေရာမှာ ခံကြည့်ပါလား ...၊ ဖေဖေရေ ဆိုတာတောင် ဖြစ်သွားဦးမယ်၊ အင်း ... မင်းလို မိန်းမမျိုးက အသည်းမာတော့ အဖေတမှာ လည်း မဟုတ်ပါဘူးလေ"

"ကျွန်မက အသည်းသာ မာတာ၊ ကျွန်မရဲ့ နှလုံးသားလေးကတော့ အရမ်းကို နူးညံ့ပါတယ်နော်၊ ရှင့်ရဲ့ နှလုံးသားထက်တောင် နူးညံ့ချင်ရင် နူးညံ့နေဦးမှာ"

"အပြောကတော့ ရွှေချလောက်တယ်။ သူများတွေ မင်းပြောတာကို ကြားရင် လှတောသားရဲ့မိန်းမ လှတောသူလို့ ထင်ကြဦးမယ်"

"သူတို့က စကားကြွယ်တာလေ၊ ကျွန်မက စကားကြွယ်တာမှ မဟုတ်တာ၊ ထင်ချင်ရင်ထင် ရှင့်ကိုပဲ ထင်မှာ"

"မင်းက တော်တော်လေး မထင်ထားအောင် စကားများတယ်နော်"

"များပြီးရင်း ထပ်များရဦးမယ်၊ ပြောလည်းပြော မေးလည်း မေးရဦးမယ်၊ ရှင် တကယ်ပဲ မိုးလေပြေကို စိတ်မဝင်စားဘူးလား ...၊ ကျွန်မသာ ယောက်ျားလေးဆို သူ့ကို စိတ်ဝင်စားမိမှာ အမှန်ပဲ"

ခေါင် သူမ အမေးကို မဖြေဘဲ တိတ်ဆိတ်နေလိုက်သည်။ သူမ နှုတ်ခမ်းလေး စူလာကာ။

"ရှင် ကြောက်ရပ်ကြီးလို့ ထိုင်မနေနဲ့၊ ကျွန်မ မေးတာကို ဖြေလေ၊ မသိရင် ကျွန်မက အရေးမပါတဲ့လူကြီး ကျနေတာပဲ ရှင် လုပ်နေတဲ့ပုံစံက"

"ငါ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ အခုလည်း စိတ်မဝင်စားသလို၊ နောင်လည်း စိတ်ဝင်စားလားမှာ မဟုတ်ဘူး"

"ဘာလို့လဲ နွေဦးခေါင်၊ ရှင် သူနဲ့ စကားမပြောကြည့်ရသေးလို့ပါ။ ရှင် သူနဲ့ စကားပြောကြည့်ပြီးရင်တော့ အရမ်းကြီး စိတ်ဝင်စားသွားမှာ"

"ဘာလို့လဲလို့ မင်း မေးတယ်နော်၊ ငါ့နှလုံးသားထဲမှာ ငါ အရမ်းချစ်ရတဲ့လူတစ်ယောက် ရှိနေပြီးသားမို့ပဲ၊ ငါ စိတ်ဝင်စားတဲ့လူ၊ ငါ နှစ်သက်မြတ်နိုးတဲ့လူ၊ ငါ အရမ်းချစ်တဲ့လူက တစ်ယောက်တည်းပဲ၊ နောက်တစ်ယောက်ဆိုတာ မရှိသလို ရှိလာမှာလည်း မဟုတ်ဘူး"

"ရှင် ကျွန်မကို အော်ပြောစရာ မလိုပါဘူး၊ ကျွန်မက နားလေးနေတဲ့ လူလည်း မဟုတ်ဘူး၊ ကျွန်မ နားကြားပါသေးတယ်"

"ကြားရင်လည်း ပြီးတာပဲ၊ မင်း သွားအိပ်တော့ အလွမ်း၊ မနက်ဖြန် ကျောင်းကို စောစောသွားရမှာ"

"ကျွန်မ မအိပ်ချင်သေးဘူး တီဗွီကြည့်ချင်သေးတယ်။ ရှင်ရော တီဗွီ ကြည့်ဦးမှာလား"

"မကြည့်ဘူး မင်းဘာသာ ကြည့်ချင်ရင် ကြည့်၊ ငါ ထိုင်စောင့်နေပေးမယ်"

"အင်း ..."

ထိုသို့ ပြောပြီး သူမ ထိုင်ကြည့်နေတာကာ ကာတွန်းကား။ ခေါင် အရမ်းအိပ်ချင်နေသဖြင့် ဆိုဖာကို ကျောမှီ၍သာ မှေးနေလိုက်သည်။

သူမ အသံပြဲနဲ့ထရယ်တိုင်း သူ လန့်နိုးလာရသည်။ သူမ sorryဟု ပြောသဖြင့် သူ ပြန်မပြောပဲ ပြန်အိပ်နေလိုက်သည်။

သူ တစ်ရေးနိုးတော့ သူမက ခွေခွေလေး အိပ်ပျော်နေပြီ ဖြစ်သည်။ သူ့ကိုလည်း စောင်ခြုံပေးထားသဖြင့် သူလည်း အိပ်နေရာမှထကာ သူမကို စောင်ပြန်ခြုံပေးထားလိုက်ပြီး ကျောမှီ၍ ပြန်အိပ်နေလိုက်သည်။

"ဝါး ဝါး မုန့်ဟင်းခါးအနံ့က မွှေးနေတာပဲ၊ ဘယ်က လာတာပါလိမ့်"

မုန့်ဟင်းခါး အနံ့ကြောင့် အလွမ်း အိပ်ရာမှနိုးလာခဲ့သည်။ စာပွဲခုံပေါ်မှာ မုန့်ဟင်းခါး ပန်းကန်က သပ်သပ်ရပ်ရပ် ရှိနေသည်။

သူမ အိပ်ခန်းထဲကို အမြန်ပြေးဝင်သွား၍ ရေမိုးချိုး အဝတ်စားလည်း လိမ်းဖြီးကာ မုန့်ဟင်းခါးကို အားရပါးရ ထိုင်စားနေလိုက်သည်။

"မင်း မပြီးသေးဘူးလား အလွမ်း၊ မြန်မြန်စား ကျောင်းနောက်ကျတော့မယ်"

"ရှင်က ကျောင်းမသွားသေးပဲ ဘာလုပ်နေတာလဲ၊ ပြောတော့ ကျောင်းကို စောစော သွားရမယ်ဆို"

"သွားပြီးလို့ပဲ ပြန်လာပြီ အခုမှ အိပ်မက်ထမက်မနေနဲ့"

"ဟင် ကျောင်းကို အစောကြီးခေါ်ပြီး ဘာတွေလုပ်ကြတာလဲ"

"ဘာလုပ်ရမှာလဲ ကျောင်းပိတ်ရက် ပျော်ပွဲစားထွက်ဖို့ ပြောတာပေါ့၊ ဒါနဲ့ မင်းကို မေးရဦးမယ်၊ မိုးလေပြေက စာအုပ်နှစ်အုပ် ငှားပြီး ဘာလုပ်တာလဲ"

"သူ့ကို ဆရာမ ငှားခိုင်းတာတဲ့၊ ပြီးတော့ ရှင်က မေးခွန်းနဲ့အဖြေကို တစ်ခါတည်း တွဲရေးတာလေ၊ ကျွန်မက တစ်ခါတည်း တွဲမရေးဘူး"

"သြော် ... မင်း စားလို့ ပြီးပြီ မဟုတ်လား ... ကျောင်းသွားတော့၊ ငါ တံခါးတွေ ပိတ်ပြီး အနောက်က လိုက်ခဲ့မယ်"

"ဟိုလေ ခြံတံခါးတော့ ဖွင့်ပေးထားနော်၊ ကျွန်မ အိမ်ပြန်လာရင် တစ်ခါတည်း ကားမောင်းပြီး တန်းဝင်လို့ ရအောင်"

ခေါင် ခေါင်းညိတ်ပြတယ်ဆို သူမ ထွက်သွားလေသည်။ ခေါင်လည်း သူမ ထွက်သွားတယ်ဆို သူမ စားသွားတဲ့ ပန်းကန်ကို ရေဆေးတဲ့နေရာမှာ ထား လိုက်ကာ စောင်ကို ခေါက်၍ ထိုနေရာမှာတင် ထားခဲ့လိုက်ပြီး အိမ်တံခါး ပိတ်၍ ခြံကို တစ်ပတ်လှည့်ကြည့်ပြီး ကျောင်းသို့ ထွက်လာခဲ့လေသည်။

အလွမ်းရဲ့အချိုးတွေ ကျောင်းမှာ တစ်မျိုးပြောင်းနေမှာ သူ မြင်ယောင်နေ သေးသည်။

ဒူးခေါင်းနာနေ၍ စက်ဘီးကို ဖြည်းဖြည်းသာ နင်းနိုင်သည်။ ကျောင်း ရောက်တော့ ကျောင်းက အတန်းစနေပြီဖြစ်သည်။

"မင်း ဘာလို့နောက်ကျနေတာလဲ နွေဦးခေါင်၊ တစ်ခါမှ ဒီလို နောက်ကျ တာ ဆရာမ မမြင်ဖူးဘူး"

"မနက်က ကျောင်းကို စောစောလည်း ကျွန်တော်လာတယ် ဆရာမ၊ ပြီး တော့"

"မင်းကို ငါမမေးတော့ဘူး၊ ဘာလို့ နောက်ကျနေလဲဆိုတာ အလွမ်းကိုပဲ မေးတော့မယ်၊ သမီး အလွမ်း"

"ရှင် ဆရာမ"

"နွေဦးခေါင် ဘာလို့ နောက်ကျနေလဲ၊ သမီးသိလား ..."

အလွမ်း ခေါင့်ကို တစ်ချက်ကြည့်လိုက်တော့ ခေါင် ဒူးခေါင်ကို လက်ဖြင့် ဖိထားတာ တွေ့လိုက်သည်။

"သူ ညက ဓာတ်ဆီသွားဝယ်တော့ စက်ဘီး မှောက်တာ ဒူးခေါင် ကွဲသွား တယ် ဆရာမ၊ ပြီးတော့ ဆောင်းတွင်းဆိုတော့ အနာက ရင်းတယ်လေ ဆရာမ၊ ကျောင်းနဲ့အိမ် အသွားအပြန် လေးခေါက်ဆိုတော့၊ သူ ခြေထောက် နာလို့ စက်ဘီးဖြည်းဖြည်းလေး နင်းလို့ နောက်ကျသွားတာ နေမှာပါ

ဆရာမ"

"အလွမ်း အကြောင်းပြချက်က ခိုင်လုံလို့ နွေဦးခေါင် သားကို ဆရာမ ခွင့်လွှတ်လိုက်မယ်၊ ပြီးတော့ သမီးအလွမ်း ... သား နွေဦးခေါင် ဒီလို အကောင်းမြင်တဲ့စကားလုံးမျိုးပဲ ဆရာမ မြင်ချင်တယ်။ ကြားချင်တယ်"

"ဟုတ်ကဲ့ ဆရာမ"

ခေါင် မျက်ခုံးပင့်ပြတော့ သူမ မျက်စောင်းပြန်ထိုးကာ ထိုင်သွားလေသည်။

"မင်းတို့ အားလုံး သိပြီးကြပြီပေါ့၊ စာမေးပွဲ ဖြေပြီးတာနဲ့ ဆရာမတို့မေဂျာက အပျော်ခရီး ထွက်ကြမယ်၊ လိုက်မဲ့လူတွေထဲက ယောကျ်ားလေးက နွေဦးခေါင်ကို စာရင်းပေး၊ မိန်းကလေးက အလွမ်းကို စာရင်းပေးထားကြ၊ စာတွေက အကုန်သင်ပြီးပြီမို့ စာကျက်နေကြ၊ ဒါနဲ့အားလုံးကို မိတ်ဆက်ပေးရဦးမယ်၊ သမီးအလွမ်း ဘေးမှာ ထိုင်နေတာက ဆရာမရဲ့တူမလေး မိုးလေပြေတဲ့၊ အားလုံးပဲ ဆရာမတူမလေးကို လိုအပ်တာရှိရင် ကူညီပေးလိုက်ကြနော်၊ ဆရာမ သွားတော့မယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမလည်း ခေါင်းညိတ်ပြုံးပြ၍ အခန်းထဲမှ ထွက်သွားလေသည်။

"အလွမ်း နင်နဲ့ ခေါင်နဲ့က တည့်သွားကြပြီလား ...၊ ဒါမှမဟုတ် ရန်သူက ရန်သူပဲလား"

"ရန်သူက ရန်သူပဲပေါ့ နီနီရယ်၊ ဘာလို့တည့်ရမှာလဲ၊ ငါ အခု သူ့ကို ကူညီလိုက်တယ်ဆိုတာက သူ့ဒူးခေါင်းက ဒဏ်ရာက တော်တော်ပြင်းလို့ဟ"

"မသိပါဘူး၊ ငါထင်တာက နင်နဲ့သူ ငြိမ်းချမ်းရေးများ ယူလိုက်ကြတာလားလို့"

"သေတာတောင် ငြိမ်းချမ်းရေး ရမှာမဟုတ်ဘူး၊ သူနဲ့လည်း ငြိမ်းချမ်းရေး မယူချင်ပါဘူး၊ ငါက သူနဲ့ ရန်ဖြစ်နေရတာကို ပျော်နေတာ"

"ရန်ဖြစ် ပြန်ချစ်ဆိုတဲ့ စကားပုံကို နင် မမေ့လိုက်နဲ့နော်၊ နင်တို့က ရေစက်ပါလာလို့ တစ်အိမ်တည်းနေ တစ်အိုးတည်း စားနေရတာ၊ ပြောမရဘူး ဖူးစားလည်း ပါချင်ရင် ပါလာမှာ"

"အဲလိုကောင်နဲ့ ဖူးစာမပါချင်ပါဘူး၊ ဒါနဲ့ နင့်ကို ငါပြောပြရဦးမယ်၊ သူ့မှာ သူချစ်တဲ့ မိန်းကလေးရှိတယ်တဲ့ ဟ၊ ဘယ်သူလဲတော့ ငါလည်း မသိဘူး နော်"

မိုးလေပြေ သူတို့နားကို ကပ်လာကာ

"အလွမ်းတို့ကို မိုး အကူညီ တောင်းစရာရှိလို့၊ မိုးကိုလေ နွေဦးခေါင်နဲ့ ရင်းနှီးအောင် လုပ်ပေးပါလား နော် နော် "

"အလွမ်းတို့က ရင်းနှီးအောင် လုပ်ပေးလို့မရဘူး မိုးရဲ့၊ အဲနွေဦးခေါင်နဲ့ အလွမ်းနဲ့က ကမ္ဘာ့ရန်သူတော်တွေ၊ အဲဒါကြောင့် ကိုယ့်ဘာသာကိုယ်ပဲ ကြိုးစားပါ မိုးရယ် မကူညီချင်လို့ မဟုတ်ပါဘူး"

"အလွမ်းတို့က ရန်သူလို့သာ ပြောနေ၊ အလွမ်းနဲ့ သူနဲ့အကြည့်တွေက တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးလို့ ကြည့်နေတဲ့ အကြည့်တွေ၊ မိုးကိုခင်ရင် ကူညီပေးရမယ်"

"မိုးကတော့ ရစ်ပြီကွာ၊ သူက တစ်ယောက်တည်း အထီးကျန်နေတာ၊ သူကလေ သူ့ဖေဖေကလွဲရင် ဘယ်သူ့ကိုမှ အရေးလုပ်ပြီး ဂရုစိုက်နေတာ မဟုတ်ဘူး"

"မင်း ပြောလို့ပြီးပြီလား ... အလွမ်း၊ မင်း ရန်အရင်စနေတာ မင်း အသံကို ငါ တစ်ယောက်တည်းတင် မဟုတ်ဘူး၊ တစ်တန်းလုံး ကြားနေရတယ်"

စူးစိုက်ကြည့်ပြီး ပြောနေတဲ့ သူ့ကို သူမ ပြန်ကြည့်လိုက်သည်။

"ကြားတော့ ဘာဖြစ်လဲ၊ ကျွန်မပြောတာ အကုန်လုံး မှားနေလို့လား ...၊ ကျွန်မက မှန်ရာ မှန်ကြောင်း ပြောတာ"

"ငါ အထီးကျန်လို့ပဲ ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မင်းနဲ့ မဆိုင်ဘူး"

"မိုး ကြားတဲ့အတိုင်းပဲ၊ နွေဦးခေါင်ဆိုတဲ့လူက ဘယ်လောက် တစ်ကိုယ်ကောင်း ဆန်လဲဆိုတာ မိုး သိပြီးလား ...၊ အဲဒီလို လူနဲ့ မရင်းနှီး မ ပတ်သက်ချင်ပါနဲ့"

"ငါကလည်း ဘယ်သူနဲ့မှ မပတ်သက်ချင်ပါဘူး၊ ဒါပေမဲ့ သူများကိုတော့ မှိုချိုးမှျစ်ချိုး မင်း မပြောသင့်ဘူးလေ၊ မင်းကို ငါ အဲဒီလို ပြောရင် မင်း ကြိုက်လား ..."

"ဟုတ်တာ မှန်တာ ပြောလို့ ကျွန်မ ကြိုက်တယ်၊ ဘာလို့လဲဆိုတော့ ကျွန်မက အမှန်ကို မြတ်နိုးလို့ပဲ"

"ဒါပေမဲ့ မင်း ပြောနေတာတွေက ... အမှန်မဟုတ်လို့ ငါ မကြိုက်ဘူး၊ ပြီး တော့ မင်း မျက်ဝန်းတွေက မင်းက အမှန်ကို မြတ်နိုးတယ်ဆိုတာ သက်သေပြမနေဘူး"

"ဒါဆို ရှင် ပြောချင်တာက ကျွန်မက အမှန်ကို မမြတ်နိုးပဲ၊ လိမ်ညာနေ တယ်လို့ ပြောချင်တာလား ..."

"အဲဒီစကားကို မင်း ပြောတာနော်၊ ငါ့ဘက်က စကားလုံး တစ်လုံးကို တောင် မပြောမိဘူး၊ မင်းနဲ့လည်း စကားဆက်မပြောချင်တော့ဘူး"

"ကျွန်မလည်း ရှင်နဲ့ စကားမပြောချင်ပါဘူး၊ ရှင့်မျက်နှာကိုလည်း မတွေ့ ချင်ဘူး"

"ငါကတော့ မင်းမျက်နှာကို တွေ့ချင်တယ်၊ နာရီ မိနစ် စက္ကန့်တိုင်း မင်း

ကျရှုံးနေတဲ့ မျက်နှာကို ငါတွေ့ချင်တယ်"

"စိန်လိုက်လေ၊ ကျရှုံးနေတဲ့မျက်နှာကို ရှင်ပဲ တွေ့မြင်ရမလား ... ကျွန်မပဲ တွေ့မြင်ရမလား ကြည့်ရသေးတာပေါ့"

"မင်း စိန်ခေါ်တာမို့၊ ငါ ... စောင့်ကြည့်နေမယ် အလွမ်း"

နှစ်ယောက်သား အချေအတင်ပြောရာမှ ကိုယ့်နေရာကို ပြန်ထိုင်လိုက်သည်။ ကြားက သူတို့ နှစ်ယောက်ကို အားနာနေမိသူက မိုးလေပြေ။

"အားနာလိုက်တာ အလွမ်းရယ်၊ မိုးကြောင့် နှစ်ယောက်လုံး အချေအတင် ဖြစ်ရပြီ"

"မိုးကြောင့် မဟုတ်ပါဘူး မိုးရယ်၊ အလွမ်းတို့က ငယ်ငယ်ကတည်းက မ တည့်ကြတာပါ။ မိုး ဘာမှအားနာစရာမလိုပါဘူး"

"အလွမ်းက အားနာစရာမလိုဘူးလို့ ပြောပေမဲ့ မိုးကတော့ အားနာတယ်။ နွေဦးခေါင်ကိုရောပဲ"

"သူ့ကိုလည်း ဘာအားနာစရာမှမလိုဘူး၊ တကယ်လို့ မင်း တောင်းပန် ရင်တောင် သူက မိုးကို နည်းနည်းလေးတောင် ဂရုစိုက်မှာ မဟုတ်ဘူး၊ အဲ ဒါကြောင့် ကိုယ့်စာကိုယ်သာ အာရုံစိုက်နော်"

"အလွမ်း ... အလွမ်း မိသားစုအကြောင်း မိုးကို ပြောပြပါလား ...၊ မိုး လည်း မိုး မိသားစုအကြောင်း အလွမ်းကို ပြန်ပြောပြမယ်လေ"

အလွမ်း ခေါင်းညိတ်ပြလိုက်သည်။

"အလွမ်းရဲ့ Daddyက ချမ်းသာတယ်။ အဲဒီတော့ အလွမ်း Daddy ချမ်းသာ တော့ အလွမ်းလည်း ချမ်းသာတာပေါ့၊ ဒါပေမဲ့ အလွမ်းမှာ မေမေမရှိတော့ ဘူး၊ အဲဒါကြောင့် အလွမ်း အရမ်း ဝမ်းနည်းရတယ်။ မိုးကရော ..."

"မိုးမှာက မေမေပဲ ရှိတော့တယ်။ မိုးက မိုးရဲ့မေမေ ဖွားဖွားနဲ့ အတူတူနေ

တယ်။ ဒေါ်နွေးသီရိဆို ဘယ်သူမှ မသိတဲ့လူ မရှိဘူး၊ အလွမ်းရဲ့ဖေဖေလည်း သိမှာပါ။ ပြီးတော့ မိုးမှာ မိုးနဲ့ သက်တူ ရွယ်တူ အမြွှာ တစ်ယောက်ရှိတယ်တဲ့၊ အဲဒီ အမြွှာက ဖေဖေနဲ့ပါသွားတယ်တဲ့၊ မိုး မိုးရဲ့ အမြွှာကို အရမ်းရှာချင်တာပဲ၊ ကံဆိုးတာက မိုး နာမည်တွေကို သိခွင့်မရှိဘူး"

"မိုးက မေမေနဲ့အတူတူနေရတယ်ဆိုတော့၊ မိုးက အလွမ်းရဲ့ Daddyကို မိုးရဲ့ဖေဖေလို သဘောထားမယ်၊ အလွမ်းက မိုးရဲ့မေမေကို အလွမ်းရဲ့မေမေလို့ သဘောထားမယ် ဘယ်လိုလဲ"

"အဲဒီ အကြံ အရမ်း မိုက်တယ်၊ နီကတော့ အရမ်းကြိုက်တယ်"

အလွမ်းဘေးမှ နီနီကလည်း ဝင်ထောက်ခံလေသည်။ မိုးလေပြေကလည်း ခေါင်းညိတ်ပြသည်။

"ဒါဆို အလွမ်းတို့က ညီအစ်မတွေ ဖြစ်သွားကြပြီနော်၊ ဘာကိစ္စပဲဖြစ်ဖြစ် အလွမ်းကို တိုင်ပင်ရမယ်၊ အကူညီလိုရင် တစ်ယောက်ကိုတစ်ယောက် ကူညီရမယ်"

အလွမ်းနှင့်မိုး လက်သန်းချင်းချိတ်၍ ကတိသစ္စာ ပြုလိုက်ကြသည်။ သူတို့ နှစ်ယောက်ရဲ့ ကတိသစ္စာ တည်မြဲပါ့မလားဆိုတာ ကံကြမ္မာအပေါ်မှာသာ မူတည်နေလေသည်။

***